# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 11 , 2023 Volume 71, Number 8

၁၁.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၆.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၈.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၆၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## "မဲခေါင်-လန်ချန်း သစ်သီးပွဲတော် ၂၀၂၃ (မြန်မာ) Mekong-Lancang Fruit Festival 2023 (Myanmar) ကျင်းပဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအကြိမ်အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် "မဲခေါင်-လန်ချန်းသစ်သီးပွဲတော် (မြန်မာ)တွင် မြန်မာနိုင်ငံမှဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များနှင့် ကုန်သည် လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေးအတွက် ဒုတိယအကြိမ် အကြိုညှိနှိုင်း အစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့၊ နေ့လယ် (၁၁:၃၀)နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမတွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါက အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။ ညှိနှိုင်းဆွေးနွေးပွဲသို့ သက်ဆိုင်ရာဌာနများ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ နိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ ရောင်းချသူများအသင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၃)ဦးတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်းဒေသခွဲ စီးပွားရေးနှင့်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ပူးပေါင်း၍ မဲခေါင်-လန်ချန်းသစ်သီးပွဲတော်၂၀၂၃(မြန်မာ)ကို ကျင်းပခြင်းအားဖြင့်

မြန်မာနိုင်ငံ သစ်သီးဝလံများအား တရုတ်နိုင်ငံဈေးကွက်သို့ပိုမိုရောင်းချနိုင်မည့် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း၊ ပြပွဲသို့ မြန်မာနိုင်ငံမှထွက်ရှိသော ထောပတ်သီး၊ နာနတ်သီး၊ မက်ကဒေးမီးယား၊ ကျွဲကောသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ဒူးရင်းသီး၊ ပင်မှည့်သီး၊ သစ်ကြားသီးများအပြင် ဝဥ၊ လက်ဖက်၊ ကော်ဖီနှင့် ရှောက်ကော ပါကောများပါ ထည့်သွင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း သစ်သီးပွဲတော် ပထမနေ့တွင် မြန်မာနိုင်ငံ၏အလားအလာရှိသည့်သစ်သီးဝလံများနှင့်ပတ်သက်သည့် ဈေးကွက်မြှင့်တင်ရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ပြပွဲအောင်မြင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပါသည်။

အဆိုပါ မဲခေါင်-လန်ချန်းသစ်သီးပွဲတော် ၂၀၂၃ (မြန်မာ)တွင် မြန်မာနိုင်ငံမှထွက်ရှိပြီး အလားအလာရှိသည့် သစ်သီးဝလံများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခြင်း၊ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်း၊ ကုန်ဝယ်သူများနှင့် ချိတ်ဆက်၍ ရောင်းဝယ်မှုဆိုင်ရာ သဘောတူစာချုပ်များချုပ်ဆိုနိုင်သည်အထိ ချိတ်ဆက်ခြင်း များကို စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source:** https://myantrade.gov.mm/article/Naypyitaw_10102023_1640

## ၂၀၂၃ ခုနှစ် မိုးစပါးနှင့် ၂၀၂၄ ခုနှစ် နွေစပါးတို့အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်ထားသော်လည်း ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူရန် ထုတ်ပြန်

၂၀၂၃ ခုနှစ် မိုးစပါးနှင့် ၂၀၂၄ ခုနှစ် နွေစပါးတို့အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်ထားသော်လည်း ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က ထုတ်ပြန်ထားသည်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်။

အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေး ဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျပ် ၇၅၀၀၀၀ သတ်မှတ်လိုက်သည်။

ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါး ဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည် ဖြစ်သည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မိုးစပါးနှင့် ၂၀၂၄ ခု နှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ်(၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊၀၁-၂၁၈၂၆၆ သို့ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က ထုတ်ပြန်ထားသည်။

“မနေ့ကတော့ ရတနာတိုးတွေ ၁၅ သိန်း ပေးဝယ်နေကြတယ်။ မိုးစပါးတွေစရိတ်နေကြပြီဆိုတော့ ပွဲစားတွေတော့ ခြေရှုပ်လာတယ်။ ပိုက်ဆံလိုချင်ရင် ကြိုယူထားဆိုပြီး ၁၅ သိန်းပေးဝယ်နေကြတယ်။ အရင်ရက်က ၁၂ ခွဲ၊ ၁၃ အထိ ကျသွားတဲ့ဈေးက ခုရက်ထဲ ဈေးပြန်လှုပ်လာတယ်ပြောရမယ်။ ဈေးကလည်း လှုပ်ဦးမှာပဲဗျ။ အခုစပါးရိတ်သိမ်းခက တစ်ဧက ၁၂၀၀၀၀။ မိုးဆက်တိုက်ရွာတော့ စပါးပင်တွေလဲ၊ လဲတော့ စက်က ရိတ်မရ၊ ကောက်ရိတ်မယ့်သူကလည်း ရှာမရဘူး၊ သူတို့ကို အရိတ်အသယ်ပေါ့၊ တစ်ဧကကို ၇၀၀၀၀ ပေးရတယ်။ အဲဒီဈေးက အနီးအဝေးဈေးကွာသေးတယ်နော်၊ ၇၀၀၀၀ ဆိုတာက ရွာနဲ့ နီးနီးလေးရှိတဲ့လယ်တွေရဲ့ အရိတ်အသယ်ခဈေး၊ ရွာနဲ့လယ်နဲ့ပိုဝေးရင် အရိတ်အသယ်ခက တစ်သိန်းကျော်သွားရော” ဟု ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်အတွင်းမှ တောင်သူတစ်ဦးက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင်ဆန်စပါးသည်အဓိက စိုက်ပျိုးထုတ်လုပ်သည့်သီးနှံဖြစ်ပြီး သီးနှံစိုက်ပျိုးဧရိယာအားလုံး၏ ၃၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ၂၀၂၀ -၂၀၂၁ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးစပါးစိုက် ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧက ၂ ဒသ မ ၄ သန်း၊ စုစုပေါင်းစပါးစိုက်ပျိုးဧက ၁၇ ဒသမ ၄ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ကြောင်း မြန်မာ့ဆန်စပါးညီလာခံ- ၂၀၂၂ (Myanmar Rice Conference – 2022) အခမ်းအနားမှ သိရသည်။

၂၀၂၃ ခုနှစ် မိုးစပါးရာသီထွက်ရှိလာသည့် စပါးများအပေါ် ဝယ်ယူမည့်စပါးဈေးနှုန်းများ သတ်မှတ်ဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စက်တင်ဘာ ၁၉ ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်အရ ဧည့်မထ/ ငစိန်စပါးများကို တင်း ၁၀၀ လျှင် ကျပ် ၁၃ သိန်းမှ ၁၅ သိန်းအတွင်း၊ ရောဝတီပေါ်ဆန်း တင်း ၁၀၀ လျှင် ကျပ် ၁၆ သိန်းမှ ၁၈ သိန်း၊ ရွှေဘိုပေါ်ဆန် တင်း ၁၀၀ လျှင် ကျပ် ၁၈ သိန်းမှ သိန်း ၂၀ အတွင်း၊ ရေမင်းရေပဒေသာစပါးတင်း ၁၀၀ လျှင် ကျပ် ၁၆ သိန်းမှ ၁၈ သိန်းအတွင်း ဝယ်ယူရန် သတ်မှတ်ထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/254955https://news-eleven.com/article/254955

## စင်ကာပူမှာ ဘင်္ဂလားဒေ့ရှ်ထက် မြန်မာငါးသလောက်ဈေးသက်သာ



ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့ငါးသလောက် ထုတ်လုပ်မှုတွင် ရှေ့တန်းမှ ရပ်တည်နေပြီး တစ်ကီလိုဂရမ်လျှင် တာကာ ၉၀၀ ကျပ်မှ တာကာ၂,၀၀၀ အထိ ဈေးတောင်းဆိုသည်။

စင်ကာပူတွင် ငါးသလောက်သည် တစ်ကီလိုဂရမ်လျှင် ၇.၅ မှ ၁၀ စင်ကာပူဒေါ်လာကြားရှိသည်။ တာကာ ၆၀၀ မှ ၈၀၀ နှင့်ညီမျှသည်။ သို့ဖြစ်ရာ ငါးသလောက်ကို ပြည်ပမှ တင်သွင်းရောင်းချသည့် စင်ကာပူတွင် ငါးသလောက် အမြောက်အမြား ထုတ်လုပ်သည့် ဘင်္ဂလားဒေ့ရှ်ထက် ဈေးသက်သာသည်။

စင်ကာပူသည် ဘင်္ဂလားဒေ့ရှ် အပါအဝင် အာရှနိုင်ငံများဖြစ်သော မြန်မာ၊ ပါကစ္စတန်၊ အိန္ဒိယနှင့် မလေးရှားစသည့် နိုင်ငံများမှ ငါး၊ အသား၊ ဥနှင့် ဟင်းသီးဟင်းရွက်များကို တင်သွင်းသည်။ ငါးတင်သွင်းမှုအများစုသည် မြန်မာနိုင်ငံမှဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့မှ စင်ကာပူတွင် လာရောက်နေထိုင်ကြသူများသည် စင်ကာပူတွင် အဆိုပါ ငါးများကို အဓိကစားသုံးသူများဖြစ်သည်။ အချို့ငါးအငယ်စားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တင်သွင်းကြပြီး ၎င်းငါးများသည် စင်ကာပူတွင် ဈေးပိုပေး၍ ဝယ်ယူကြသည်။ ဝယ်ယူသူအများစုမှာ စင်ကာပူတွင် အလုပ်လုပ်ကိုင်နေထိုင်ကြသော ဘင်္ဂလားဒေ့ရှ် နှင့်အိန္ဒိယနိုင်ငံသားများဖြစ်ကြပြီး ၎င်းတို့လူများစုနေထိုင်သည့် Little India ရှိ ဈေးဆိုင်များတွင် ရောင်းချကြသည်။ Little India မှ E-Hong Mini Mart တွင် ငါးသလောက် သုံးကောင်ပါ အထုပ်များကို တစ်ထုပ်လျှင် စင်ကာပူဒေါ်လာ ၁၀ ဖြင့် ရောင်းသည်။ ငါးသလောက် သုံးကောင်ပါ အထုပ်များသည် အလေးချိန် ကီလိုဂရမ် ၁.၃ မှ ၁.၄ အထိ ရှိသည်။
(အလေးချိန် ဂရမ် ၄၃၃ မှ ၄၇၀ အထိ ရှိသော အရွယ်အစား ဖြစ်ပါသည်)

Bangladesh Bank ငွေလဲနှုန်းအရ ၁ စင်ကာပူဒေါ်လာသည် တာကာ ၈၀.၈၃ နှင့် ညီမျှသည်။ ၎င်းငွေလဲနှုန်းအရ တွက်ချက်လျှင် တစ်ကီလိုဂရမ်ကို တာကာ ၆၃၀ ဖြင့် ဝယ်ယူနိုင်သည်။ အနည်းငယ် ပိုကြီးသော ငါးသလောက် (တကောင်လျှင် အလေးချိန် ဂရမ် ၅၀၀-၇၀၀ ရှိသော အရွယ်အစား) ၃ ကောင် အထုပ်ကို စင်ဒေါ်လာ ၁၄ (တာကာ ၁၁၃၁) ဖြင့် ရောင်းသည်။ သို့ဖြစ်ရာ ငါးသလောက် တစ်ကီလိုဂရမ်လျှင် တာကာ (၄၇၅-၅၄၀) ကျသင့်သည်။

စင်ကာပူရှိ ဘင်္ဂလားဒေ့ရှ်အခြေစိုက် ငါးတင်သွင်းသည့်ကုမ္ပဏီတစ်ခုဖြစ်သည့် Commodity Connect သည် အရွယ်အစား ငယ်သည့် ငါးသလောက် ၃ ကောင်ပါ အထုပ်ကို ၇ စင်ဒေါ်လာ (တာကာ ၅၆၅)ဖြင့် ရောင်းချသည်။ အရွယ်ကြီးသည့် ငါးသလောက် ၃ ကောင်ပါအထုပ်ကို စင်ဒေါ်လာ ၁၀ (တာကာ ၈၁၀)ဖြင့် ရောင်းချသည်။

ဘင်္ဂလားဒေ့ရှ်၊ Shwapno နှင့် Agora အပါအဝင် စူပါဆိုင်များတွင် ၄၀၀ မှ ၄၅၀ ဂရမ်အထိ အလေးချိန်ရှိသော ငါးသလောက် တကောင်ကို ၃၇၈ တာကာဖြင့် ရောင်းချလျက်ရှိသည်။ သို့ဖြစ်ရာ တစ်ကီလိုဂရမ်ကို ၉၄၅ တာကာ ကျသင့်သည်။

ငှင်းစူပါဆိုင်များတွင် ပိုကြီးသည့် (၁.၂-၁.၅ ကီလိုဂရမ်) ငါးသလောက်တကောင်ကို တာကာ ၁၆၀၀ ဖြင့် ရောင်းချသည်။ ဈေးများတွင်လည်း အလားတူဈေးနှုန်းများဖြင့် ရောင်းချကြသည်။

E-Hong Mini Mart လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး Shariful Ahmed က "ဘင်္ဂလားဒေ့ရှ်က ငါးသလောက်အများအပြား ထုတ်လုပ်တင်ပို့နေတဲ့ နိုင်ငံဖြစ်နေပေမဲ့ စင်ကာပူမှာ ငါးသလောက်အပါအဝင် ငါးတွေရဲ့ အဓိက အရင်းအမြစ်က မြန်မာနိုင်ငံပါ"ဟု ပြောကြားသည်။ "ဘင်္ဂလားဒေ့ရှ်က ငါးသလောက်မရရင် မြန်မာက ငါးသလောက်ကိုဝယ်ပါတယ်။ ကျွန်တော်တို့ဆီက ငါးသလောက်ကို ဒီမှာလုပ်ကိုင်နေထိုင်တဲ့ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယ နိုင်ငံသားတွေ လာဝယ်ကြပါတယ်။ ကျွန်တော်တို့က ငါးသလောက် ရောင်းဈေးကို အရင်းကြေရုံမျှမက မြိုးမြိုးမြက်မြက် အမြတ်ရမယ့်ဈေးနှုန်းကို သတ်မှတ်ပါတယ်" ဟု ၎င်းကပြောကြားသည်။

"ငါးသလောက် ထုတ်လုပ်မှုအများဆုံး ထိပ်တန်း(၁၀) နိုင်ငံစာရင်းမှာ ဘင်္ဂလားဒေ့ရှ်က ပထမနေရာမှာပါ။ မြန်မာက တတိယနေရာမှာပါ" ဟု ၎င်းက ပြောကြားသည်။ ငါးသလောက် ထုတ်လုပ်မှု အများဆုံး ထိပ်တန်း(၁၀) နိုင်ငံစာရင်းတွင် အိန္ဒိယက ဒုတိယနေရာတွင်ရှိနေသည်။ မြန်မာနိုင်ငံသည် အာရေဗျပင်လယ်၊ ပစိဖိတ်နှင့်အတ္တလန္တိတ်သမုဒ္ဒရာများတွင် ကမ်းရိုးတန်းရှိသည့်နိုင်ငံများနှင့် အတူ တတိယနေရာတွင် ရှိနေသည်။

Commodity Connect ၏တာဝန်ခံ Sakhawat Hossain Sharif က "ငါးသလောက် အပါအဝင် ငါးအမျိုးမျိုး အမြောက်အမြား တင်သွင်းပါတယ်။ အဓိကအားဖြင့် မြန်မာနိုင်ငံမှတင်သွင်းပါတယ်။ ပါကစ္စတန်နှင့်မလေးရှားတို့ထံမှလည်း တင်သွင်းပါတယ်။ အဲဒီငါးတွေကို ဘင်္ဂလားဒေ့ရှ်က တင်သွင်းဖို့ဆိုတာက လက်တွေ့မကျတဲ့ အဓိကအချက် ၂ ချက် ရှိနေပါတယ်"ဟု ရှင်းပြသည်။ "ပထမတချက်က ဈေးနှုန်းတွေနှိုင်းယှဉ်ကြည့်ရင် မြန်မာက ဘင်္ဂလားဒေ့ရှ်ထက် သိသိသာသာ သက်သာတယ်။ ဈေးကွာနေတဲ့အတွက် ဘင်္ဂလားက ဝယ်ယူတင်သွင်းဖို့ဆိုတာက စိန်ခေါ်မှုဖြစ်နေတယ်"ဟု သူကရှင်းပြသည်။

"မြန်မာနိုင်ငံမှ တင်သွင်းတဲ့ငါးတွေက သွင်းကုန်ကုန်ကျစရိတ်၊ သိုလှောင်ရုံဝန်ဆောင်ခနှင့်ပို့ဆောင်စရိတ်စတာတွေ ထည့်တွက်ပြီးချိန်မှာ ကျွန်တော်အတွက် အမြတ်ကျန်တဲ့ဈေးနှုန်းနဲ့ ရောင်းလို့ရတယ်"ဟု သူကဆိုသည်။ "ဥပမာ-ကျွန်တော်တို့ ငါးနုသန်းကို မြန်မာနိုင်ငံမှဝယ်ယူရင် တစ်ကီလိုဂရမ်ကို ၆ စင်ဒေါ်လာအောက် ကုန်ကျပါတယ်။ ဘင်္ဂလားဒေ့ရှ်မှဝယ်ယူရင် တစ်ကီလိုဂရမ်ကို ၁၁ စင်ဒေါ်လာအထက် ကုန်ကျမှာဖြစ်ပါတယ်" ထည့်သွင်းစဉ်းစားရမည့် နောက်ထပ်အချက်မှာ စစ်ဆေးပြီး စာရွက်စာတမ်းများထုတ်ပေးသည့် လုပ်ငန်းစဉ် ရှည်ကြာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကွန်တိန်နာများထဲမှ ငါးများကိုစစ်ဆေးရန် ထိထိရောက်ရောက်လုပ်နိုင်သဖြင့် တစ်ရက် နှစ်ရက်အတွင်း ပြီးစီးသည်။ ဘင်္ဂလားဒေ့ရှ်တွင် တပတ်အထိ ကြာတတ်သည်။ ထိုသို့ကြာမြင့်ခြင်းသည် စင်ကာပူရှိ ငါးတင်သွင်းသူအများစုအတွက် အဟန့်အတားဖြစ်စေသည်။ စာရွက်စာတမ်းကိစ္စရပ်များ ရှုပ်ထွေးကြန့်ကြာသည့်အပြင် ရေလုပ်ငန်းဌာနမှ တာဝန်ရှိသူတို့ထံမှ ပူးပေါင်းဆောင်ရွက်မှုမရရှိဟု ၎င်းကပြောကြားသည်။

**Source: businesspostbd**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/7040-fish.html

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်ပတ်နှင့် ယခုပတ်နှိုင်းယှဉ်မှုအခြေအနေ

အောက်တိုဘာလ ဒုတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းများအဝင်များ၍ နှမ်းဝါ၊နှမ်းဖြူ ဈေးအနည်းငယ် မြင့်တက်နေပြီး၊ နှမ်းညို၊ နှမ်းနက်၊ မြေပဲလုံးဆန်ဖြူနှင့် ဆီဆန်ဈေးနှုန်းများ ဈေးငြိမ်နေကြောင်း သိရသည်။ ယခုအပတ်တွင်း နှမ်းညိုတစ်တင်းလျှင် (၉၄၀၀၀)ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၁၀၀၀၀၀- ၁၀၄၀၀၀) ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင် (၁၀၀၀၀၀-၁၁၅၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၈၅၀၀၀-၉၅၀၀၀)ကျပ် ဖြစ်ကာ ယခင်ပတ်ကာလတူအချိန်ပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်တင်း လျှင် (၉၂၀၀၀- ၉၄၀၀၀) ကျပ်၊ နှမ်းဝါ တစ်တင်းလျှင် (၁၀၀၀၀၀-၁၀၃၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်း လျှင် (၁၀၀၀၀၀-၁၁၀၀၀၀) ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၈၅၀၀၀- ၉၅၀၀၀)ကျပ်ရှိနေကြောင်း သိရသည်။

ယခုအပတ်တွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၃၀၀-၆၆၀၀)ကျပ် မြေပဲဆီဆန်ဖြူတစ်ပိဿာ (၆၀၀၀)ကျပ်ရှိပြီး ယခင်ပတ်ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၆၄၀၀)ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၆၀၀၀) ကျပ်၊ ယခုအပတ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်ဖြူနှင့်မြေပဲဆီဆန်ဖြူ ဈေးငြိမ်နေကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပဲဆီ တစ်ပိဿာ (၁၂၀၀၀-၁၂၅၀၀) ကျပ်၊ နှမ်းဆီ တစ်ပိဿာ (၁၂၅၀၀) ကျပ်၊ ပဲဖတ် တစ်ပိဿာ(နယ်- ၂၇၇၅ )ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ( ၂၅၀၀ )ကျပ်၊ နေကြာဖတ် တစ်ပိဿာ (၁၈၂၀) ကျပ်ဖြင့် ရောင်းဝယ်နေကြောင်းသိရပါသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ယခုနှစ် ထောပတ်သီးရာသီအစ ဈေးနှုန်းမြင့်တက်နေပြီး ဈေးကွက်ကောင်းနိုင်




ယခုနှစ် ထောပတ်သီးရာသီအစ ပြီးခဲ့သည့် ရာသီထက် ဈေးနှုန်းမြင့်တက်နေပြီး ဈေးကွက်ကောင်းနိုင်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးတင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

လက်ရှိ ဈေးကွက်အစ တစ်ကီလိုလျှင် ကြမ်းခင်းဈေး ၃၅၀၀ ကျပ်ရှိပြီး ပြီးခဲ့သည့်နှစ်က တစ်ကီလို ၂၅၀၀ သာရှိခဲ့သောကြောင့် ပြီးခဲ့သည့် ထောပတ်သီးရာသီအစဖြင့် ယှဉ်ပါက ဈေးနှုန်းမြင့်တက်နေကြောင်း သိရသည်။

“ကြမ်းခင်းဈေး တစ်ကီလို ၃၅၀၀ ရှိတယ်၊ ကြမ်းခင်းဈေးဆိုတာ အဲဒီထက် မနည်းဘူးပေ့ါ၊ ပစ္စည်းကောင်းရင် ၆၀၀၀ ၇၀၀၀ ဖြစ်သွားနိုင်တယ်။ Hass က စခူးလို့ မရသေးဘူး၊ အမရာတို့ ပဲခူးတို့ရသေးတယ်။ ဒီနှစ်တော့ ဝယ်လိုအား အရမ်းများ မယ်ထင်တယ်။ ကမ်းလှမ်းမှုတွေလည်းရှိတယ်”ဟု မြန်မာနိုင်ငံ ထောပတ်သီးတင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ ပြည်ပနိုင်ငံတင်ပို့နိုင်မည် Hass အမျိုးစားမှာ ရင့်မှည့်ရန် လိုအပ်နေသေး၍ ခူးလို့မရသေးကြောင်းသိရပြီး အောက်တိုဘာလကုန်မှသာ ဈေးကွက်သို့ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ် ထောပတ်သီးရာသီတွင် ထိုင်းနိုင်ငံမှ ကမ်းလှမ်းထားသည့်အတွက် အဓိကထား တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ထောပတ်သီးဈေးကွက် ရေရှည်ခိုင်မြဲရန် ထောပတ်သီးများကို ပြည်ပဈေးကွက်အပြင် ပြည်တွင်းဈေးကွက် တွင်ပါ စားသုံးသူများက ဈေးကွက်ရရှိနိုင်ရေးအတွက် ပြည်တွင်း၌ တွင်ကျယ်စေရန် ဖြန့်ဖြူးခြင်းနှင့် promotion များလည်း ဆောင်ရွက်နေကြောင်းသိရသည်။ “ပြည်တွင်းစားဖို့ အာရုံထားရမယ်။ ပြည်တွင်းဈေးကွက်မှာ promotion လုပ်ဖို့၊ ထောပတ်ကို ပြည်တွင်းမှာ ဖျော်ရည်အပြင် ပိုပြီးစားတက်ဖို့နဲ့ ပြည်တွင်းဈေးကွက်ကို အလေးပေးဖြန့်ချိဖို့ဆောင်ရွက်မယ်။ မနှစ်ကလုပ်ခဲ့တဲ့ campaign တွေက ဒီနှစ်မှာတွန်းအားရှိတယ်။ ဒီနှစ်မှာ နှစ်ဆဖြစ်အောင်လုပ်ရမယ်”ဟု ထောပတ်သီးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။ ထောပတ်သီးများကို မရင့်သေးပဲ ခူးဆွတ်၍ရောင်းမယ်ဆိုပါက ဈေးကွက်နာမည်ပျက်သွားနိုင်သည့်အတွက် ရင့်မှည့်ပြီး ရောင်းလို့ရမည့်အချိန်မှသာ ခူးဆွတ်ရောင်းချသင့်ကြောင်း တောင်သူများကိုအကြံပေးထားသည်။

လက်ရှိ အိမ်နီးချင်း ထိုင်းနှင့်တရုတ်နိုင်ငံကိုလည်း တရားဝင်တင်ပို့ ကုန်သွယ်ရောင်းချခွင့်ရရေးကို အစိုးရချင်းလျှောက်ထားခြင်းနှင့် ပြည်တွင်းကုန်သွယ်ရေးနှင့် ညှိနှိုင်းခြင်းများ ဆောင်ရွက်နေကြောင်းလည်းသိရသည်။ ယခုနှစ် မိုးအရမ်းများခဲ့သည့်အတွက် ထောပတ်သီး အထွက်နှုန်းများနိုင်မည်ဖြစ်ကြောင်းသိရသည်။

ထောပတ်သီးများသည် အောက်တိုဘာလတွင် အသီးများစတင်ထွက်ရှိပြီး ထောပတ်ပင်များသည် နှစ်ရှည်သီးနှံပင်များ ဖြစ်ကာ စိုက်ပြီး (၃)နှစ်နေမှ စတင်အသီးသီးကြောင်းသိရသည်။ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်) တို့မှာ အများဆုံးစိုက်ပျိုးကြသည်။

**Source: (AMIA)**

**https://t.me/htwettoe**

## မန္တလေးကုန်စည်ဒိုင်တွင် ပဲကြီးဈေးဆက်တိုက်မြင့်တက်လာ

အောက်တိုဘာလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် ထောပတ်ပဲများ ဆက်တိုက်ဈေးတက်လာသည်။ မိုးပဲ အဝင်နည်းသေးခြင်း၊ ဆောင်းပဲစိုက်ရန်ပြင်ဆင်ခြင်း၊ လက်ကျန်နည်းခြင်း၊ လက်ဖက်ပဲကြော်လုပ်ငန်းသမားများမှ အဝယ်သွက်လာသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**ပဲကြီး (ကြီး)** ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၂၀၀၀၀ မှ ၃၃၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၂၀၀၀၀ မှ ၃၁၀၀၀၀ ၊ ယခင်လ ကျပ် ၃၁၀၀၀၀ မှ ၃၂၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ယခင်လထက် ကျပ် ၁၀၀၀၀ မြင့်တက်လာသည်။

**ပဲကြီး (လတ်)** ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၂၀၀၀၀ မှ ၃၁၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၉၅၀၀၀ မှ ၃၀၀၀၀၀ ၊ ယခင်လ ကျပ် ၃၀၀၀၀၀ မှ ၃၀၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၂၀၀၀၀ မြင့်တက်လာသည်။

**ပဲကြီး (သေး)** ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၀၀၀၀၀ မှ ၃၀၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၈၀၀၀၀ မှ ၂၈၅၀၀၀ ၊ ယခင်လ ကျပ် ၂၉၀၀၀၀ မှ ၂၉၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၀ ၊ ယခင်လထက် ကျပ် ၁၀၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကြံတစ်တန်ဈေး ထပ်မံတိုးမြှင့်ပေးလာ



ကြံစိုက်ရာသီနီးလာတာကြောင့် သကြားစက်ရုံများက နယ်မြေအလိုက် ကြံတစ်တန်ဈေး တိုးမြှင့်ပေးဝယ်လာရာ ရှမ်းပြည်မြောက်ပိုင်း၊ ငွေရည်ပုလဲ သကြားစက်ရုံက ၂၀၂၃-၂၀၂၄ ရာသီအတွက် ကြံတစ်တန်လျှင် စက်ရုံအရောက် ငွေကျပ် ၁၂၀၀၀၀ အထိ ဒုတိယအကြိမ် ထပ်မံတိုးမြှင့်ဝယ်ယူလာကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ကြံစိုက်ပျိုး ရာသီတွင် စက်တင်ဘာလအတွင်းက ကြံတစ်တန် ငွေကျပ် ၁၁၀၀၀၀ ဖြင့် ဝယ်ယူမည်ဟု ထုတ်ပြန်ထားရာမှ ယခု အောက်တိုဘာ ကြံစိုက်ရာသီ ရောက်လာချိန်တွင် ကြံတစ်တန်ငွေကျပ် ၁၂၀၀၀၀ အထိ သကြားစက်ရုံများက တိုးမြှင့်ပေးဝယ်လာကြောင်း သိရသည်။

ယခင်နှစ်က ကြံတစ်တန် ငွေကျပ် ၉၅၀၀၀-၁၀၀၀၀၀ ထိသာ အမြင့်ဆုံးဝယ်ယူခဲ့ပြီး ယခုနှစ် ကြံစိုက်ရာသီမရောက်မီ စက်တင်ဘာလမှ အောက်တိုဘာလအထိ ၁၁၀၀၀၀-၁၂၀၀၀၀ထိ တိုးမြှင့်ဝယ်ယူလာခြင်းဖြစ်သည်။

လက်ရှိ ပြည်တွင်းသကြားဈေးမှာ အောက်တိုဘာလဆန်းတွင် ငွေကျပ် ၃၆၅၀-၃၇၅၀ ပေါက်ဈေးရှိရာ ကြံတစ်တန်လျှင် ငွေကျပ် ၁၂၀၀၀၀ ထက် ပိုမိုပေးဝယ်သင့်ကြောင်း ကြံစိုက်တောင်သူများက ဆိုသည်။

**Source: မကွေးဂျာနယ်**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်ပတ်နှင့် ယခုပတ်နှိုင်းယှဉ်မှုအခြေအနေ

အောက်တိုဘာလ ဒုတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပဲတီစိမ်းကြီး၊ Cp ပြောင်းဖူးစေ့၊ ကုလားပဲ ထိုင်ဝမ် ၊ ပဲနီလုံးရိုးရိုး၊ ပဲတီစိမ်းသေးတို့ ဈေးငြိမ်၍ ပဲကြီး၊ မတ်ပဲ၊ ပဲနီလုံးကြား၊ ကုဖြူလုံးကြီး ၊ ကုဖြူလုံးသေးနှင့်ကုလားပဲ 929 ဈေးနှုန်းများ ဈေးအနည်းငယ်မြင့်တက်နေပြီး၊ ဂျုံဖြူသန့်၊ ဂျုံထွက်တိုး၊ ပဲပုတ်စေ့ဈေးနှုန်းများ ကျဆင်းနေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း သီးနှံ တစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၆၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၇၀၀၀)ကျပ်၊ ပဲကြီး (၁၁၀၀၀၀)ကျပ်၊ မတ်ပဲ (၈၁၀၀၀)ကျပ်၊ ပဲတီစိမ်းကြီး (၅၄၀၀၀)

ကျပ်၊ ပဲတီစိမ်းသေး (၄၈၀၀၀–၄၉၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၄၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၅၀၀၀) ကျပ်၊ ပုဂံပဲ (၉၀၀၀၀) ကျပ်၊ ပဲပုတ်စေ့ (၇၇၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၁၈၀၀၀) ကျပ်၊ ကုလားဖြူလုံးကြီး (၈၅၀၀၀)ကျပ်၊ ကုလားပဲ ဖြူလုံးသေး (၈၉၀၀၀)ကျပ်၊ ကုလားပဲ 929 (၈၈၀၀၀) ကျပ်၊ ကုလားပဲ ထိုင်ဝမ် (၈၇၀၀၀)ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ယခင်ပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၇၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၅၈၀၀၀)ကျပ်၊ ပဲကြီး (၁၀၈၀၀၀)ကျပ်၊ မတ်ပဲ (၇၈၀၀၀) ကျပ်၊ ပဲတီစိမ်းကြီး (၅၄၀၀၀)ကျပ်၊ ပဲတီစိမ်းသေး (၄၈၀၀၀–၄၉၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၄၀၀၀) ကျပ်၊ ပဲနီလုံးကြား (၅၃၅၀၀) ကျပ်၊ ပုဂံပဲ (၉၀၀၀၀)ကျပ်၊ ပဲပုတ်စေ့ (၇၈၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၁၈၀၀၀)ကျပ်၊ ကုလားဖြူလုံးကြီး (၈၈၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၈၈၀၀၀) ကျပ်၊ ကုလားပဲ 929 (၈၇၅၀၀)ကျပ်၊ ကုလားပဲထိုင်ဝမ် (၈၇၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ပဲကြီး တစ်တင်း (၂၀၀၀) ကျပ်၊ မတ်ပဲ တစ်တင်း (၃၀၀၀) ကျပ်၊  ပဲနီလုံးကြား တစ်တင်း (၁၅၀၀) ကျပ်၊ ကုဖြူလုံးကြီး တစ်တင်း (၅၀၀)ကျပ်၊ ကုဖြူလုံးသေး တစ်တင်း (၁၀၀၀)ကျပ်၊ ကုလားပဲ929 တစ်တင်း (၅၀၀)ကျပ်  မြင့်တက်နေပြီး၊ ဂျုံဖြူသန့် တစ်တင်း (၁၀၀၀) ကျပ်၊ ဂျုံထွက်တိုး တစ်တင်း (၁၀၀၀)ကျပ်၊ ပဲပုတ်စေ့ တစ်တင်း (၁၀၀၀)ကျပ်း အသီးသီးဈေးနှုန်းများ ကျဆင်းသွားကြောင်းသိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ကုန်သွယ်မှုကို ဘတ် ၁ ဒသမ ၂ ထရီလီယံ ရောက်ရှိရန်မျှော်မှန်းထား

ယခုနှစ်အတွင်း နယ်စပ်ကုန်သွယ်မှုမှ ဘတ် ၁ ထရီလီယံရရှိရန် ခန့်မှန်းထားချက်၏ ၂၀ ရာခိုင်နှုန်း တိုးတက်မှုအဖြစ် ၂၀၂၄ ခုနှစ်တွင် ဘတ် ၁ ဒသမ ၂ ထရီလီယံရရှိရန် မျှော်မှန်းထားကြောင်း၊ ခန့်မှန်းချက်ကို ပြည့်မီစေရေးအတွက် အများပြည်သူသုံး ထုတ်ကုန်များ၊ ဒေသကိုယ်စားပြုထုတ်ကုန်များနှင့် Franchises များကို တွန်းအားပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန၊ ကုန်သွယ်မှုညှိနှိုင်းရေးဦးစီးဌာနနှင့် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနများကို တာဝန်ယူ ကြီးကြပ်ရသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Napintorn Srisunpang က ပြောကြားခဲ့ ပါသည်။

ဝန်ကြီးဌာနအနေဖြင့် ကုန်စည်ပြပွဲများ စီစဉ်ဆောင်ရွက်ခြင်းနှင့်စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်ခြင်းတို့ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံခြားကုန်သွယ်ရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများနှင့်စပ်လျဉ်း၍ ဖြေလျှော့နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အစိုးရဌာနများ အနေဖြင့်လည်း နယ်စပ်ကုန်သွယ်မှုမြှင့်တင်နိုင်ရေးဆိုင်ရာ အစီအစဉ်အပေါ်တွင် ဆောင်ရွက်နေကြပါကြောင်း၊ နယ်စပ် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အဓိကနယ်စပ်ကုန်သွယ်ရေး ဇရိယာများဖြစ်သည့် ချင်းရိုင်၊ တက်ခ်ပြည်နယ် မဲဆောက်၊ ဆောင်ကလာပြည်နယ် Sadao–Padang Besar၊ Nong Khai၊ Surin နှင့် Buri Ram တို့တွင် ဦးစွာဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းပါသည်။

စီးပွားရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သော မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား တို့၏ ဝယ်ယူသုံးစွဲမှုအခြေအနေအပေါ် စိုးရိမ်ပူပန်မှုရှိနေပါကြောင်း၊ ထိုင်းလူသုံးကုန်ပစ္စည်းများသည် အရည်အသွေးနှင့် ဈေးနှုန်းကြောင့် လူကြိုက်များနေဆဲဖြစ်ကြောင်း၊ တရုတ်နှင့်နယ်စပ်ကုန်သွယ်ရေးကိုလည်း မြှင့်တင်သွားမည်ဖြစ်ပါကြောင်း ဆက်လက်ပြောကြားခဲ့ပါ သည်။

အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုနှင့် ပို့ကုန်စွမ်းရည်တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်သွားရန် လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် ကုမ္ပဏီ ၂ သန်းခန့် မှတ်ပုံတင် ထားသော်လည်း ၉၀၀,၀၀၀ ခန့်သာ လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ နယ်စပ်ကုန်သွယ်မှုကိုကြည့်မည် ဆိုပါက ၉၀ ရာခိုင်နှုန်းသည် လုပ်ငန်း ကြီးများမှဖြစ်ပြီး ၁၀ ရာခိုင်နှုန်းမှာ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေသည် GDP ၏ ၄၀-၅၀ ရာခိုင်နှုန်း ရှိသော်လည်း ထိုင်းနိုင်ငံမှာမူ ၃၄ ရာခိုင်နှုန်းသာရှိပါကြောင်း၊ ၃၅.၂ ရာခိုင်နှုန်းထိ ရောက်ရှိရန်မှာ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်ဝင်ငွေကို တိုးမြှင့်လိုကြောင်း၊ EU၊ UAE နှင့် သီရိလင်္ကာနိုင်ငံများနှင့် ညှိနှိုင်းဆဲဖြစ်သော လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် (FTA) များကို အပြီးသတ်ဆွေးနွေးရန် မိမိအားတာဝန်ပေးအပ်ထားပါကြောင်း၊ ဘူတန်၊ တောင်ကိုရီယားနှင့် အစ္စရေးစသည့် မိတ်ဖက်အသစ်များနှင့်လည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း Mr. Napintorn က ဆက်လက်ပြောကြားခဲ့ပါသည်။

ကုန်သွယ်မှုညှိနှိုင်းရေးကိုယ်စားလှယ်များအား ပူးတွဲကုန်သွယ်ရေး ကော်မတီများမှတစ်ဆင့် မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ တရုတ်နှင့်ယူကေတို့မှ ဆွေးနွေးဖက်များနှင့်တွေ့ဆုံ၍ ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများနှင့် ဈေးကွက် ဝင်ရောက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားရန် တာဝန် ပေးအပ်ထားပါကြောင်း၊ အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် လက်တင်အမေရိကစသည့်ဈေးကွက်သစ်များအကြား FTA ဆိုင်ရာ ကောင်းကျိုးနှင့် ဆိုးကျိုးများအပေါ် လေ့လာသုံးသပ်ရန် ကုန်သွယ်မှု ညှိနှိုင်းရေးဦးစီးဌာနကို တာဝန်ပေးအပ်ထားကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ဈေးကွက်သစ်များ ချဲ့ထွင်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံသစ်များနှင့် FTA ဆိုင်ရာ ကောင်းကျိုး၊ ဆိုးကျိုးများကို သုံးသပ်၍ FTA ရေးထိုးနိုင်ရေး ဆောင်ရွက်သင့်ကြောင်း ဖြည့်စွက်အကြံပြုရပါသည်။

**Source: www.bangkokpost. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_101020230300

## STOCK EXCHANGE (11.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,736 (Shares) | 30,085,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,700 | 9,000 | 8,700 | 297 | 2,595,900 | 33,109,694 | 297,987 |
| MTSH | 00002 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 1,853 | 5,561,000 | 38,929,150 | 118,734 |
| MCB | 00003 | 7,600 | +200 | +2.70% | 7,600 | 7,600 | 7,600 | 10 | 76,000 | 10,400,986 | 79,048 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 11,575 | 19,677,500 | 29,664,613 | 50,430 |
| TMH | 00005 | 2,550 | +100 | +4.08% | 2,500 | 2,550 | 2,500 | 105 | 264,750 | 12,823,224 | 32,699 |
| EFR | 00006 | 2,200 | +0 | +0.00% | 2,200 | 2,200 | 2,100 | 851 | 1,827,200 | 19,977,223 | 43,950 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,850 | 45 | 83,250 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 11th Oct. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.28 | +5.20 | +1.39% | 372.20 | 380.28 | 372.20 | 14,736 | 30,085,600 | 8 | 717,276 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 11th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 14,736 (Shares) | 30,085,600 (MMK) |

## Main Board

As of 1:00 pm, 11th Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,736 (Shares) | 30,085,600 (MMK) |

| MYANPIX | 380.28 ▲ 5.20 |
|---|---|
| Total Volume (shares) | 14,736 |
| Total Value (MMK) | 30 mil |
| Listed Company | 8 |
| Market Cap. (MMK) | 717,276 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 200 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 100 |
| EFR | 00006 | 2,200 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 50 |

TIR